စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

ဈေးကွက်သတင်းဌာနစိတ်

# မြန်မာ့ပို့ကုန်နှင့် လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ

# အစီရင်ခံစာ တင်ပြခြင်း

(၂၀၂၁ ခုနှစ်၊ဇန်နဝါရီလ)

ရက်စွဲ ၊ ၁၉-၂ -၂၀၂၁

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | ရည်ရွယ်ချက် | ၂ |
| ၃ | (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄ | ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၄ |
| ၅ | လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ | ၆ |
| ၆ | လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၇ |
| ၇ | နိဂုံး | ၈ |

# မြန်မာ့ပို့ကုန်နှင့် လယ်ယာကဏ္ဍပို့ကုန်အခြေအနေဆိုင်ရာ တင်ပြချက်

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှု ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် ကြီးမားသည့်အစိတ်အပိုင်းအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များ အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံးရရှိနေသည်ကို တွေ့ရှိရသည်။

**ဇယား (၁) - ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား**

**၂၀၁၁-၁၂ မှ ၂၀၂၀-၂၁ (ဇန်နဝါရီလ ၂၉ ရက်အထိ)**

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ (ယာယီ) | ၂၀၂၀-၂၀၂၁ (ဇန်နဝါရီလ ၂၉ ထိ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၇၂.၅၆ | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၁၉၄၈.၉၈ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၉၀.၆၉ | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၅.၇၈ |
| ၃ | ရေထွက်ပစ္စည်း | ၇၀၅.၉၁ | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၃၁၇.၄၆ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၈၉၇.၇၁ | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၃၉၇.၄၄ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၄၁.၉၉ | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၅၁.၂၈ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၀၈၃.၉၅ | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၇၉.၀၈ | ၂၃၅၂.၄၅ |
| ၇ | အခြားပစ္စည်း | ၃၄၂.၈၀ | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၁၇၀.၇၆ |
| စုစုပေါင်း | | ၉၁၃၅.၆၀ | ၈၉၇၇.၀၂ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၂ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၅ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၂ | ၁၇၆၆၂.၉၈ | ၅၂၅၄.၁၅ |

## (၅) နှစ်တာကာလအတွင်း ပို့ကုန်တန်ဖိုးနှိုင်းယှဉ်ချက်

၃။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁၁၁၃၆.၈၇၈) သန်းရှိခဲ့ပြီး၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ (၁၇၆၆၂.၉၈) သန်းထိ ရှိလာခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထက် (၅၉%) တိုးတက်လာခဲ့ကြောင်း သိရသည်။

၄။ မြန်မာ့လယ်ယာထွက်ကုန် တင်ပို့မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ (၂၆၁၅.၇၇၄) သန်းရှိခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုး၏ (၂၃%) ရှိခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀

ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၃၇၂၅.၆၉၈) သန်း ရှိခဲ့ပြီး၊ စုစုပေါင်း ပို့ကုန်တန်ဖိုး၏ (၂၁%) သာရှိခဲ့ကြောင်း သိရသည်။





၅။ သို့ဖြစ်၍ (၅) နှစ်တာကာလအတွင်း လယ်ယာကဏ္ဍပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၁၁၀၉.၉၁၅) သန်း တိုးတက်ရရှိခဲ့သော်လည်း နိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုး မှာလည်း သိသိသာသာတိုးမြင့်လာခဲ့သည့်အတွက် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍ ပို့ကုန်တန်ဖိုးပါဝင်မှုအချိုးမှာ (၂)% ခန့် ကျဆင်းလာခဲ့ကြောင်း တွေ့ရသည်။

**ဇယား (၂) – ပို့ကုန်အုပ်စုအလိုက် ပါဝင်မှုအခြေအနေ**

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ (ယာယီ) | ၂၀၂၀-၂၁ (၂၉-၁-၂၁) |
|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၇% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၃% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၆% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၈% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၄၅% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၃% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |




## ပြီးခဲ့သည့်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်


၆။ ပြီးခဲ့သည့်နှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက **ပို့ကုန်တန်ဖိုးစုစုပေါင်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ် (၂၉-၀၁-၂၀၂၁) အထိ အမေရိကန်ဒေါ်လာ (၅၂၅၄.၁၄၆) သန်းရှိရာ** ယခင်နှစ်အလားတူကာလတွင် **အမေရိကန်ဒေါ်လာ (၅၉၉၁.၄၅၂) သန်းရှိခဲ့သည့်အတွက် ယခင်နှစ်အောက် အမေရိကန် ဒေါ်လာ (၇၃၇.၃၀၆) သန်း/ (၁၂.၃၁) % လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။**

**ဇယား (၃) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်မှုအခြေအနေ**


**(ဒေါ်လာသန်း)**

| နှစ် | လယ်ယာထွက်ပစ္စည်း | တိရိစ္ဆာန်ထွက်ပစ္စည်း | ရေထွက်ပစ္စည်း | သတ္တုတွင်းထွက်ပစ္စည်း | သစ်တောထွက်ပစ္စည်း | စက်မှုကုန်ချောပစ္စည်း | အခြား | လယ်ယာထွက်ပစ္စည်း ရာခိုင်နှုန်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၂၀၂၀–၂၀၂၁ (၂၉–၁–၂၀၂၀) | ၁၉၄၈.၉၇၅ | ၁၅.၇၈၃ | ၃၁၇.၄၅၅ | ၃၉၇.၄၄၁ | ၅၁.၂၈၃ | ၂၃၅၂.၄၅ | ၁၇၀.၇၅၉ | ၃၇% | ၅၂၅၄.၁၄၆ |
| ၂၀၁၉–၂၀၂၀ (၂၉–၁–၂၀၁၉) | ၁၁၉၆.၇၃၉ | ၅၀.၃၈၂ | ၃၃၇.၉၄၇ | ၉၀၀.၈၉၁ | ၅၆.၆၃၉ | ၃၃၃၆.၇၆ | ၁၁၂.၀၉၄ | ၂၀% | ၅၉၉၁.၄၅၂ |
| တိုး(+)/ လျော့(–) | ၇၅၂.၂၃၆ | -၃၄.၅၉၉ | -၂၀.၄၉၂ | -၅၀၃.၄၅ | -၅.၃၅၆ | -၉၈၄.၃၁ | ၅၈.၆၆၅ | ၁၇% | -၇၃၇.၃၀၆ |

၇။ **လယ်ယာကဏ္ဍပို့ကုန်အနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁၉၄၈.၉၇၅) သန်းဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် (၃၇.၀၉%)** ပါဝင်ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ် အလားတူကာလတွင် လယ်ယာကဏ္ဍပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၁၉၆.၇၃၉) သန်းဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုး၏ (၁၉.၉၇%) ဝန်းကျင်သာ ရှိခဲ့ကြောင်း သိရသည်။




၈။ သို့ဖြစ်၍ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ရာ၌ လယ်ယာပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ (၇၅၂.၂၃၆) သန်း / (၆၂.၉%) တိုးတက်ရရှိခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာ ကဏ္ဍပို့ကုန်တန်ဖိုး ပါဝင်မှုအနေဖြင့် ယခင်ထက် (၁၇%) ခန့် သိသိသာသာ မြင့်တက်လာခဲ့ ကြောင်း သိရသည်။




## လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှု

၉။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၁-၁၀-၂၀၂၀) မှ (၂၉-၁-၂၀၂၁) ထိ အဓိကလယ်ယာထွက်ကုန်အမယ်လိုက်တင်ပို့နိုင်မှုတွင် ဆန် (ဆန်ကွဲအပါအဝင်) အနေဖြင့် တန်ချိန်ပေါင်း (၂၁%) လျော့နည်းခဲ့သော်လည်း ပို့ကုန်တန်ဖိုးအနေဖြင့် (၄%) တိုးတက်ရရှိခဲ့သည်။ ပဲအမျိုးမျိုးတွင် တန်ချိန် (၇၅%) နှင့် တန်ဖိုး (၁၀၁%)၊ ပြောင်းအနေဖြင့် တန်ချိန် (၄၂%) နှင့် တန်ဖိုး (၅၇%)၊ နှမ်းအနေဖြင့် တန်ချိန် (၈၄%) နှင့် တန်ဖိုး (၁၃၁%)၊ ရော်ဘာစိမ်းအနေဖြင့် တန်ချိန် (၈၀%) နှင့် တန်ဖိုး (၁၁၈%) စီ အသီးသီး တိုးတက်ခဲ့ကြောင်း အောက်ဖော်ပြပါ အချက်အလက်များအရ သိရှိရသည်။


**ဇယား (၄) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား**

အမေရိကန်ဒေါ်လာ သန်း

| စဉ် | ကုန်စည်အမည် | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ ၁ ရက်မှ ဇန်နဝါရီ ၂၉ ရက်နေ့အထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | တန်ဖိုး | ရာခိုင်နှုန်း |
| | **လယ်ယာထွက်ပစ္စည်း** | | **၁,၉၄၈.၉၈** | **၁,၁၉၆.၇၄** | **၇၅၂.၂၄** | **၆၃ %** |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၃၃၅.၅၄ | ၃၂၃.၁၆ | ၁၂.၃၈ | ၄ % |
| | | တန်ချိန် | ၈၈၉,၁၀၆.၂၇ | ၁,၁၂၅,၆၅၉.၅၄ | (-၂၃၆,၅၅၃.၂၈) | (-၂၁%) |
| | (က) ဆန် | US$ | ၂၁၄.၂၃ | ၂၃၆.၁၁ | (-၂၁.၈၈) | (-၉%) |
| | | တန်ချိန် | ၅၃၄,၆၉၆.၄၇ | ၇၈၉,၁၁၆.၀၄ | (-၂၅၄,၆၁၉.၅၈) | (-၃၂%) |
| | (ခ) ဆန်ကွဲ | US$ | ၁၂၁.၃၁ | ၈၇.၀၅ | ၃၄.၂၆ | ၃၉ % |
| | | တန်ချိန် | ၃၅၄,၄၀၉.၈၀ | ၃၃၆,၃၄၃.၅၀ | ၁၈,၀၆၆.၃၀ | ၅ % |
| ၂ | ပဲအမျိုးမျိုး | US$ | ၅၃၈.၃၃ | ၂၆၈.၂၆ | ၂၇၀.၀၇ | ၁၀၁ % |
| | | တန်ချိန် | ၆၃၃,၆၃၁.၁၆ | ၃၆၂,၂၂၈.၂၉ | ၂၇၁,၄၀၂.၈၈ | ၇၅% |
| ၃ | ပြောင်း | US$ | ၁၂၃.၆၈ | ၇၈.၈၉ | ၄၄.၇၉ | ၅၇ % |
| | | တန်ချိန် | ၆၀၉,၇၄၂.၂၁ | ၄၂၈,၈၉၄.၅၄ | ၁၈၀,၈၄၇.၆၈ | ၄၂ % |
| ၄ | နှမ်း | US$ | ၂၃၈.၆၇ | ၁၂၉.၉၃ | ၁၀၈.၇၄ | ၈၄ % |
| | | တန်ချိန် | ၁၇၅,၁၅၇.၆၆ | ၇၅,၉၀၀.၀၅ | ၉၉,၂၅၇.၆၁ | ၁၃၁ % |
| ၅ | ရော်ဘာစိမ်း | US$ | ၁၉၆.၀၂ | ၈၉.၇၂ | ၁၀၆.၃၀ | ၁၁၈% |
| | | တန်ချိန် | ၁၂၉,၈၃၈.၄၅ | ၇၂,၂၈၂.၅၉ | ၅၇,၅၅၅.၈၆ | ၈၀% |
| ၆ | အခြားသီးနှံ | US$ | ၅၁၆.၇၅ | ၃၀၆.၇၉ | ၂၀၉.၉၆ | ၆၈ % |




(ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်)




(ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်)

၁၀။ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှုနှင့် လယ်ယာထွက်ကုန် ပို့ကုန်အခြေအနေများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

ဈေးကွက်သတင်းဌာနစိတ်